# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ

## ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ

**၂၇၉**

ပြည်နယ်နှင့်တိုင်းဒေသကြီး ၇ ခုတွင် မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

**၃၆၀%**

၂၀၁၉ ခုနှစ် ပထမ ၆ လအတွင်းတွင်ပင် မှတ်တင်းတင်နိုင်မှုက ၂၀၁၈ ခုနှစ် တနှစ်လုံး မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများထက် ၃၆၀ ရာခိုင်နှုန်းပိုများ လာသည်။

ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုအများစုကို ဖြစ်ပေါ်စေသည်။

**၇၀%**

ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများကြောင့် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှု ၇၀% ၊ ကချင်ပြည်နယ်တွင် ၄% နှင့် ရှမ်းပြည်နယ်တွင် ၁၈% ဖြစ်ပွားခဲ့သည်။

## အဓိကဖြစ်ပွားသည့် ဖြစ်ရပ်များမှာ

- စိတ်ထင်တိုင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်း
- တရားလက်လွတ်သတ်ဖြတ်ခြင်း။ မြေမြှုပ်မိုင်းကြောင့် ထိခိုက်၊ သေဆုံးရခြင်း
- လူမဆန်စွာပြုမူခြင်း၊
- အတင်းအကြပ်ဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် အစအနပျောက်ဆုံးသွားခြင်း

## အဓိကကျူးလွန်ချိုးဖောက်သူများ

ဖြစ်ရပ် ၁၅၀



အစိုးရတပ်များ

ဖြစ်ရပ် ၂၂



တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ

ဖြစ်ရပ် ၃၂



မြေမြှုပ်မိုင်းနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့၏ လက်ချက်မှန်း မသိရသည့် ဖြစ်ရပ်များ

ND-Burma ၏ မှတ်တမ်းများအရ ၂၀၁၉ ခုနှစ် ပထမ ၆ လ အတွင်း လူ့အခွင့်အရေးချိုးဖောက်မှု များ သိသိသာသာ များပြားလာသည်ကို ပြသနေသည်။ တိုက်ပွဲဖြစ်ပွားရာဒေသရှိ ပြည်သူများမှာ စစ်၏ ဒဏ်ရာ၊ ဒဏ်ချက်များကို ခါးစည်းခံနေရပြီး၊ အစိုးရတပ်နှင့် တိုင်းရင်းသားလက် နက်ကိုင် အဖွဲ့များမှ ကျူးလွန်သည့် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံနေရသည်။ ယခုအချိန်တွင် လက်နက်ကိုင် ပဋိပက္ခများ ရပ်တန့်ရန် အရေးတကြီးလိုအပ်နေပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ဆက်တွဲဆိုးကျိုးကို ခံစားရသူများအတွက် အစိုးရမှ ဦးဆောင် တာဝန်ယူ သည့် ပြန်လည်ကု စားပေးလျော်မှု အစီအစဉ်များ ဆောင်ရွက်ရန်နှင့် အဆိုပါ ကျူးလွန်မှုများအတွက် အပြစ်ကျူးလွန်သူများ ပြစ်ဒဏ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည်ကိုလည်း အဆုံး သတ်ရမည်ဖြစ်သည်။